# MAHADHAMMIKA NEWSLETTR

# မဟာဓမ္မိကစာစောင်

**A Publication of Burma Buddhist Association of Ontario**



Tel: 416-747-7879 Fax: 416-747-9355



Volume 1 August 2001 No. 1


## ကနေဒါနိုင်ငံ အွန်တေးရီးယိုပြည်နယ် တိုရန်တိုမြို့ မဟာဓမ္မိကကျောင်းသစ် ဆောက်လုပ်ရေး ဝမ်းမြောက်ဘွယ်ရာ သတင်းလွှာ

လွန်ခဲ့သည့် ၁၉၈၉ ခု ဩဂုတ်လ ၁၄ ရက်နေ့တွင် ဝယ်ယူတည်ထောင်ခဲ့သော ကျောင်းဟောင်းကို အခြေခံ၍ တစ်ကေကျော်ရှိ မြန်မာကျောင်းသစ် ဆောက်ရန်အတွက် မြေနေရာ ဝယ်ယူပြီးသည်ကို စေတနာရှင်များ အာလုံး သိပြီး ဖြစ်ပါသည်။ ကျောင်းသစ်ဆောက်လုပ် ပြီးစီးနိုင်ရန်အတွက် အကူအညီများ လုပ်အား ငွေအား အကြံဉာဏ်အား တို့ကိုလဲ အဖက်ဖက်မှ စေတနာရှင်အားလုံးပါဝင်ဆောင်ရွက်ပေး နေကြသည်ကို ဆရာတော်များ အနေဖြင့် ဝမ်းမြောက်နုမော် သာဓု ခေါ်လျှက် ရှိပါသည်။

ကျောင်းအလှူရှင်များ လှူဒါန်းထားကြသည့် အလှူငွေများကို အခြေခံထား၍ ၂၀၀၁ခု နှစ်တွင် စတင် ဆောက်လုပ်နိုင်ရန် ဆရာတော်များ နှင့် ကျောင်းဆောက်လုပ်ရေး ကော်မတီများ အကြိမ်ကြိမ် စည်းဝေး ဆွေးနွေး တိုင်ပင်လာခဲ့ရာ ၂၇–၅–၂၀၀၁ ခု နေ့ ကော်မတီ အစည်းအဝေးတွင် အများသဘောတူ $ 650,000 ဖြင့် ကျောင်းသစ် ဆောက်လုပ်ရန်အတွက် အတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။


**စာမျက်နှာ ၅ တွင် ဆက်လက် ဖတ်ရှုပါရန်**




မဟာဓမ္မိက ကျောင်းတော်ပုံစံ




မြေသန့်ပန္နက်တင်မင်္ဂလာကျင်းပစဉ်
(၂၃ ဇွန်လ ၂၀၀၁)

## မာတိကာ

**ဆောင်းပါး**


- မဟာဓမ္မိကကျောင်းသစ် ဆောက်လုပ်ရေး ဝမ်းမြောက်ဘွယ်ရာ သတင်းလွှာ -------- ၁
- ကျေးဇူးဆပ်ဖို့ကြိုးစားစို့ -------------- ၂
- စကားပြောစဉ်သတိယှဉ် -------------- ၃
- လိုတာလှူကလိုတာရ---------------- ၇
- စတုရာရက္ခတရားလေးပါး ----------- ၁၆
- Mahadhammika Temple Construction -- ၂၀
- နိဗ္ဗာန်ဆော်လေးမျိုး---------------- ၂၃

**အလှူရှင်ကဏ္ဍ**

- လစဉ်ဆွမ်းအလှူရှင်များစာရင်း--------- ၈
- မဟာဓမ္မိကကျောင်းဆောက်လုပ်ရေးအတွက် လစဉ်လှူဒါန်းသောအလှူရှင်များစာရင်း --- ၉
- မဟာဓမ္မိကကျောင်း ဆောက်လုပ်ရေးအတွက် လှူဒါန်းနိုင်သော လှူဖွယ်စာရင်းများ ၁၂
- မဟာဓမ္မိကကျောင်းဆောက်လုပ်ရေးအတွက် လှူဒါန်းသောအလှူရှင်များစာရင် ၂၁

**ကဗျာကဏ္ဍ**

- မဟာဓမ္မိက -------------------- ၅
- ဆန္ဒမွန်------------------------ ၆
- မင်း–သူ–ငါ–ညီညာစုံမှ -------------- ၈
- Memories -------------------- ၁၁

**မဟာဓမ္မိကသတင်းဓါတ်ပုံများ** ----------၂၄

# မြန်မာဗုဒ္ဓဘာသာအသင်း

## အလုပ်အမှုဆောင်အဖွဲ့ဝင်များ

## (၂၀၀၀–၂၀၀၁)

### ဩဝါဒစရိယဆရာတော်များ

| | |
|---|---|
| ဦးပညာဝံသ (L.A) | ဦးနန္ဒဝံသ |
| ဦးကောဝိဒ | ဦးနန္ဒသိရိ |

### နာယကအဖွဲ့ဝင်များ

| | |
|---|---|
| ၁။ ဒေါ်ကျင်လှိုင် | ၅။ ဦးရှောက်ရီ |
| ၂။ ဦးကြည် | ၆။ ဒေါက်တာဖေညွန့် |
| ၃။ ဒေါ်ကျင်ဝ | ၇။ဒေါ်ခင်စန်းမြင့် |
| ၄။ ဒေါ်မော်လီ | ၈။ဒေါ်ထွေး |

### အလုပ်အမှုဆောင်အဖွဲ့ဝင်များ

| | |
|---|---|
| ၁။ ဆရာတော်ဦးနန္ဒသိရိ | ဥက္ကဋ္ဌ |
| ၂။ ဒေါ်ရီရီမြ | ဒု–ဥက္ကဋ္ဌ |
| ၃။ ကိုဝီလျံ | အတွင်းရေးမှုး |
| ၄။ ကိုအောင်ခင် | တွဲဘက်အတွင်းရေးမှုး |
| ၅။ ဆရာတော်ဦးနန္ဒသိရိ | ဘဏ္ဍာရေးမှုး |
| ၆။ ကိုမြင့်လွင်ဦး | တွဲဘက်ဘဏ္ဍာရေးမှုး |
| ၇။ ဒေါ်ခင်သန်းရီ | စာရင်းစစ် |
| ၈။ ဒေါ်တင်တင် | အမှုဆောင် |
| ၉။ ဒေါ်ဟယ်လင် | အမှုဆောင် |
| ၁၀။ ဒေါ်သန်းသန်းစိန် | အမှုဆောင် |
| ၁၁။ ကိုလှဝင်း | အမှုဆောင် |
| ၁၂။ ကိုအဲလက်(စ်) | အမှုဆောင် |
| ၁၃။ ကိုသိန်းအောင်မြင့် | အမှုဆောင် |
| ၁၄။ ကိုဝေမင်း | အမှုဆောင် |
| ၁၅။ ဒေါ်ခင်ထားမြင့် | အမှုဆောင် |
| ၁၆။ မမြတ်မြတ်မိုး | အမှုဆောင် |
| ၁၇။ ကိုအောင်မြင့်ကျော် | အမှုဆောင် |

### ဆောက်လုပ်ရေးဆပ်ကော်မတီ

| | |
|---|---|
| ၁။ ဒေါ်ရီရီမြ | ၂။ ကိုဝီလျံ |
| ၃။ ကိုအဲလက် | ၄။ ကိုသိန်းအောင်မြင့် |
| ၅။ ဦးသိန်းညွန့် | ၆။ ဦးသာအောင် |
| ၇။ ဦးဌေးအောင် | ၈။ ဦးမြင့်ဌေး |
| ၉။ ဦးလှဝင်း | ၁၀။ ဦးလှရွှေ |
| ၁၁။ ဦးကိုကိုကြည် | ၁၁။ Peter Aw |

Computer နှင့် ဒီဇိုင်း အောင်ကျော်မင်း

ပထမဆုံးမဟာဓမ္မိကကျောင်းကို
တည်ထောင်ပေးသွားသည့်

ပဓာနနာယကပြည်ပသာသနာပြု
ဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ
အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ



# ကျေးဇူးဆပ်ဖို့ကြိုးစားစို့

အွန်တေးရီးယိုပြည်နယ် တိုရန်တို မြန်မာ ဗုဒ္ဓဘာသာအသင်းကို ၁၉၈၇–ခု ဇန်နဝါရီလတွင် ဖွဲ့စည်း ခဲ့ကြပါသည်၊ အစိုးရ အသိအမှတ်ပြု တရားဝင်အသင်းအဖြစ် ၁၉၈၈–ခု ဇန်နဝါရီလတွင် မှတ်ပုံတင် ရရှိခဲ့ပါသည်။ ပထမဆုံး အသင်းကို ဖွဲ့စည်းဦးဆောင် လာခဲ့ကြသော အမှုဆောင်အဖွဲ့နှင့် အဆက်ဆက် ဆောင်ရွက်လာခဲ့ကြသော အမှုဆောင် အဟောင်း အသစ်တို့၏ ကျေးဇူးကို ရှေးဦးစွာ မှတ်တမ်းတင်ထား ကြရမည် ဖြစ်ပါသည်။

ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဦးပညာဝံသ ( အဂ္ဂမဟာပဏ္ဍိတ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ) သည် အလှူတော်ငွေ ၁၀၆၁၅–၅၀ မတည်၍ ကျောင်းဖြစ်မြောက် အောင် ဦးဆောင် ညွှန်ကြားကာ ၁၉၈၉–ခု ဩဂုတ်လ ၁၄ ရက် နေ့တွင် ဒေါ်လာ သုံးသိန်းဖြင့် ကျောင်းဖြစ် မြောက်အောင် ဝယ်ယူပေးခဲ့ပါသည်။ ကျောင်း၏ မူလ ဟာဝ ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော်ကြီး ဦးပညာဝံသ၏ ကျေးဇူကိုလည်း မှတ်တမ်းတင် ထားကြရမည် ဖြစ်ပါသည်။

ဆရာတော်ကြီး ဦးပညာဝံသ သည် ဝယ်ယူပြီး ကနေဒါ ကျောင်း၏ အရပ်ရပ်တာဝန်များကို မိမိ၏ ဒဋ္ဌိမိတ္တဖြစ်သော သာသနာပြုဘက် ဆရာတော် ဦးပညာသိရီနန္ဒအား လွှဲပြောင်း ပေးအပ်ခဲ့ပါသည်၊ ဆရာတော် ဦးပညာသိရီနန္ဒသည် ၁၉၈၉ ခု နှစ်ကုန်ပိုင်းမှစ၍ ၁၉၉၅ ခုဇန်နဝါရီလ ၂၉ ရက်နေ့ အထိ ပျံလွန်တော်မူသည့် တိုင်အောင် ကျောင်းအတွက် ကြွေး တစ်သိန်းကျော် ဆပ်ကာ ကျောင်းတာဝန်များကို ထမ်းဆောင် တော်မူသွားပါသည်။ ကျောင်းအတွက် အသက်ကိုပင် စွန့်ဝံ့သွားရှာသည့် ဆရာတော်ကြီး ဦးပညာသိရီနန္ဒ၏ ကျေးဇူကို လည်း မှတ်တမ်းတင်ထား ကြရမည်ဖြစ် ပါသည်။

စာမျက်နှာ ၆ တွင် ဆက်လက် ဖတ်ရှုပါရန်

# စကားပြောစဉ် သတိယှဉ်



လူတိုင်းမှာ စားဝတ် နေရေးအတွက် ရုန်းကန်နေရသည့် ဒုက္ခနှင့် ဆက်ဆံရေး ပြောရေး ဆိုရေး အဆင်မပြေကြသဖြင့် စိတ်ဆင်းရဲရတဲ့ ဒုက္ခများ ရင်ဆိုင် နေကြရ၏၊ စားဝတ်နေရေးကြောင့် စိတ်ဆင်းရဲမှုများမှာ အလွန်ပင် နည်းပါးလှပါသည်။ ဆက်ဆံရေး ကြောင့်သာ အဖြစ်များပါသည်။

လူလူချင်း ဆက်ဆံရေးမှာ အထူး သတိထားဖို့ လိုပါသည်၊ အလေးထားဖို့ တန်ဖိုးထားဖို့ နားလည်မှု ရှိဖို့လည်း လိုပါသည်၊ ပညာရပ်တခု အနေနှင့် လေ့လာဖို့ အင်မတန်သင့်တော်သည့် ကိစ္စတခုလည်းဖြစ်ပါသည်၊ ထိုပညာရပ်ကို မည်သည့် တက္ကသိုလ် မည်သည့် ကျောင်းများကမှ သင်မပေးကြပါ။

ကိုယ့်ဘဝ ကိုယ့်မိသားစု ကိုယ့်အိမ်နီးနားချင်း ကိုယ့်ရပ်ကွက် ကိုယ့်အသင်းအဖွဲ့ များအတွက် အရာခပ်သိမ်း အဆင်ပြေရန် အရေးအကြီးဆုံးမှာ လူမှုဆက်ဆံရေး ကောင်းဖို့ပဲ ဖြစ်ပါသည်၊ အခြားအရည် အချင်းတွေ ဘယ်လောက်ပင်ရှိရှိ ဆက်ဆံရေးမကောင်းလျှင် မိမိဘဝ မိမိမိသားစု မိမိအသင်းအဖွဲ့ များ၏ ကြီးပွားရေး တိုးတက်ရေးမှာ အခက်အခဲ များစွာနှင့် ရင်ဆိုင်ရမည်သာ ဖြစ်ပါသည်။

ဆက်ဆံရေး ကောင်းဖို့ဆိုသည်မှာ စိတ်သဘောထား ကောင်းရုံမျှ ကိုယ်ချင်းစာနာမှု ရှိရုံလောက်မျှနှင့် မလုံလောက်သေးပေ၊ အပြောအဆို ပြေပြစ်ဖို့ ပြတ်သားမှုရှိဖို့ ပြောဆိုသည့် အမူအရာနှင့် မျက်နှာအနေအထား လေ့ကျင့်ဖို့လည်း အထူး လိုအပ်ပါသည်။

လူလူချင်း ပြောဆိုဆက်ဆံရေးမှာ သတိရှိနေဖို့ လိုပါသည်၊ မိမိကို သတိနဲ့ နေဖို့ အခွင့်အလမ်းတခုကို ပေးနေတယ်လို့ သတိထားလိုက်ပါ။ သတိနဲ့ နေဖို့၊ သတိနဲ့ ပြောဖို့၊ လေ့ကျင့်ရတော့မယ် ဆိုတာကို သိနားလည်ထားပါ။ ဒီလိုနားလည်ပြီး သတိထား လေ့ကျင့်သွားမယ်ဆိုရင် လူအချင်းချင်း ဆက်ဆံရေးကြောင့်ဖြစ်တဲ့ စိတ်ဆင်းရဲ ပင်ပန်းမှုတွေဟာ တဖြေးဖြေး နည်းသွားမည် ဖြစ်ပါ သည်။

ပြောတဲ့ အခါမှာလဲ သတိရှိနေဖို့ လိုပါသည်။ မိမိ ပြောချင်နေတဲ့ စိတ်ကို သတိနဲ့ သိနေပါ။ အဲဒီလို သိရင် စကားမှားတာ နည်းပါလိမ့်မည်။ မိမိကြောင့် တင်းမာသွားတာမျိုး မဖြစ်တော့ဘူး၊ အကယ်၍ တဖက်က ပြောတာဆိုတာ မပြောတတ်လို့ဖြစ်စေ ၊ သဘောထား မမှန်လို့ပဲဖြစ်စေ ပြဿနာပေါ်လာတောင်မှ မိမိက သတိရှိနေသည့်အတွက် ပြဿနာကြီးကြီးမားမား ဖြစ်မလာတော့ဘူး။ ဖြစ်သင့် ဖြစ်ထိုက်တာ ဖြစ်လာအောင် ပြေလည်သွားအောင်သတိနဲ့ပြောပြီး ဖြေရှင်းလို့ရမည်ဖြစ်ပါသည်။

ဒါကြောင့် လူအချင်းချင်း ဆက်ဆံရေးသည် ကိုယ့်ကိုယ်ကို ကိုယ်ပိုပြီး ရင့်ကျက်တဲ့သူ သဘောထား ပြည့်ဝတဲ့သူ ဖြစ်လာအောင်အထောက်အကူ ပေးနေတယ်လို့ သိဖို့ လိုပါသည်။

ဆက်ဆံရေး ကောင်းတဲ့သူဖြစ်ချင်ရင်၊ သဘောထား ပြည့်ဝတဲ့သူ ရင့်ကျက်တဲ့သူ ဖြစ်ချင်ရင်၊ စကားပြောဆက်ဆံတဲ့ အခါ သတိနဲ့ ဉာဏ်နဲ့ ယှဉ်ပြီး ပြောဆိုတဲ့ အလုပ်ကို အလေ့အကျင့် လုပ်မှဖြစ်ပေမည်။

လူတယောက်သည် အဆင့်အတန်း မြင့်တက်သွားလေလေ ထိုလူ၏ ပြောပုံ ဆိုပုံ အမူအရာသည်လည်း အဆင့်အတန်း မြင့်တက်သွားသည်သာဖြစ်၏၊ ထိုသူ၏ စိတ်နေသဘောထား နှင့် ဉာဏ်ပညာကို သူ၏စကားပြောပုံ ဆက်ဆံပုံကို ကြည့်၍ အကဲခတ်လျှင် ရပါသည်၊ စိတ်နေ

သဘောထား မြင့်မြတ်တဲ့ သူနှင့် ဉာဏ်ပညာအဆင့် မြင့်တဲ့သူများမှာ စကားပြောလျှင် သတိထား၍ စဉ်းစဉ်းစားစား ပြော လေ့ရှိကြသည် ။

ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်တန်ဖိုး ထားတဲ့သူဆိုရင် ကိုယ်ပြောတဲ့ ဆက်ဆံတဲ့ စကားကိုတန်ဖိုးထားပါသည်၊

စကားကို ပေါ့ပေါ့တန်တန် ဘယ်တော့မှ မပြောဘူး၊ ကိုယ့်စကားကို ကိုယ်တန်ဖိုးမထားရင် ကိုယ့်ကိုယ်ကို တန်ဖိုးမထားရာလဲ ရောက်ပါ သည်၊

များသောအားဖြင့် လူတွေဟာ မိမိရဲ့စကားကို တဖက်သူ များက တန်ဖိုး မထားကြဘူး ဆိုရင် ဘဝင်မကျဘူး မကြိုက်ကြဘူး။ ဒီတော့ ကိုယ့်စကားကို သူတပါးက တန်ဖိုးထားစေချင်ရင် ပထမ ကိုယ့်စကားကို ကိုယ်ကိုယ်တိုင် တန်ဖိုးထားရမည် ဖြစ်ပါသည်၊ သတိထားပြောပါ၊ စဉ်းစဉ်းစားစား ပြောပါ။

အပြောမတတ်တော့ ဆဲသလို ဖြစ်တတ်ပါသည်။ တချို့က ဒီလူက အပြောသာ ဆိုးတာ သဘော မဆိုးဘူးလို့ ပြောကြသည်၊ သဘောလည်းကောင်း အပြောလည်း ကောင်းလျှင် ပို၍ပို၍ ကောင်းပါလိမ့်မည်၊ သဘောကောင်းတာ တခုထဲနှင့်တော့ မပြည့်စုံပါဘူး ၊ အပြောကောင်း၍ သဘောထားဆိုးတာက ပို၍ပင် ကြောက်စရာ ကောင်းပါသည်။

မိမိရဲ့ ပြောပုံ ဆိုပုံ ဆက်ဆံပုံ အရည်အသွေးကို ကြည့်ရင် မိမိဘဝ အရည်အသွေး တိုးတက်မှု မတိုးတက်မှုကို တိုင်းတာလို့ ရပါသည်၊ ပြောဆို ဆက်ဆံရေး အရည်အသွေး မြင့်မားလာတာနှင့်အမျှ ဘဝရဲ့ အရည်အသွေးဟာလဲ မြင့်မားလာမည်သာ ဖြစ်ပါသည် ။

ဒါ့ကြောင့် စကားပြောဆို ဆက်ဆံတဲ့အခါ ကိုယ့်ရဲ့ သဘောထား ကိုယ့်ရဲ့ ခံစားချက် ကိုယ့်ရဲ့ အပြုအမူ ကိုယ့်ရဲ့ ပြောပုံ ဆိုပုံ အသံနေ အသံထားတွေကို သတိနဲ့ သိနေ ရပါမည်၊ အဲဒီလို သိနေမှ တဖက်က သဘောထားဆိုးလို့ ကိုယ်ကလည်း သဘောထားဆိုးနဲ့ ဆက်ဆံမယ်ဆိုရင် ဘယ်လိုမှ အကောင်း ဖြစ်လာ နိုင်ဘွယ် မရှိတော့ပါ။

လူတိုင်းနှင့်ပြောဆို ဆက်ဆံတဲ့ အခါမှာ အဓိက သတိထားရမှာက ရန်သူ အတိုက်အခံအဖြစ် မသတ်မှတ်ပါနှင့်၊ ရှောင်ထွက်သွားဘို့ မကြိုးစားပါနှင့်၊ အနိုင်ယူဘို့လည်း မကြိုးစားပါနှင့်၊ အရှုံးလည်း မပေးပါနှင့်၊ အခြားတနည်းနည်းနှင့် ပြေပြေလည်လည် ဖြစ်အောင်လုပ်ဖို့ ကြိုးစားဖို့ မမေ့ပါနှင့်။ အဲဒီလို ဆောင်ရွက်လျှင် မှန်ကန်တဲ့ အဖြေကို ရမှာ ဖြစ်ပါသည်။

တယောက် နှင့် တယောက် စကားပြော ဆက်ဆံ ကြတာဟာ အသိအမြင်ချင်း ဖလှယ် ကြတာပဲ ဖြစ်ပါသည်၊ အဲဒီလို အသိအမြင်ချင်း ဖလှယ်လိုက်တဲ့အခါ နှစ်ဦးနှစ်ဖက် အသိသစ် အမြင်သစ် ပေါင်းသင်း ဆက်ဆံနည်းအသစ်တွေကို ရကြမှာ ဖြစ်ပါသည်။

လူဆိုတာ တယောက်တည်း နေလို့ မရပါဘူး၊ လူနှင့် ကင်းကွာပြီး နေလို့လဲ မသင့်တော်ပါဘူး၊ တယောက်ထဲနေရင် ဘဝဟာ မစိုပြေတော့ဘူး၊ စိတ်ဓာတ်တို့ အသိဉာဏ်တို့ ရင့်ကျက်မှု တိုးတက်မှုဆိုတာ မရှိတော့ဘူး၊ ကိုယ့် တယောက်တည်းရဲ့ အမြင်ဟာလဲ ပြည့်ပြည့်စုံစုံ မဖြစ်နိုင်ဘူး၊ ဘယ်လောက်ပဲ ပညာတွေ တတ်တတ် ပညာတွေ တော်တော် သူ့ တယောက်တည်းရဲ့ အမြင်ဟာ ဘယ်တော့မှ မပြည့်စုံနိုင်ပါဘူး။

ကိုယ်ပဲဖြစ်ဖြစ် သူပဲဖြစ်ဖြစ် ပြောနေတဲ့ စကားကို တဖက်က သေသေချာချာ နားထောင်ရင် ဘယ်သူပဲဖြစ်ဖြစ် သိတ်ပြီး သဘောကျ တယ်၊ ဒါ့ကြောင့် ပြောတာကို သတိနှင့် နားထောင်ပါ၊ သတိနှင့် ပြောတဲ့ အလေ့အကျင့်ကို ရအောင် လုပ်ထားပါ၊ အဲဒီလို လုပ်ထားရင် ဆက်ဆံရေး အဆင်မပြေမှုတွေ ၊ ဆက်ဆံရေးကြောင့် ခံစားနေရတဲ့ နာကျည်းမှုတွေကို သက်သာပျောက်ကင်း စေနိုင်ပါသည်။

စကားပြော တကယ် ကောင်းမွန်လို့ရှိရင် လောကမှာ ထိပ်ဆုံးသို့ ရောက်သွားမည်သာ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် သုဂတောဂုဏ်တော်ဖြင့် ကောင်းသော စကားကို ဆိုတော်မူတတ်သောကြောင့် လောကသုံးပါးတွင် အတုမရှိ အောင်မြင်တော် မူခဲ့ပါသည်။

ထို့ကြောင့် လူသားတိုင်း လူ့အဖွဲ့အစည်းတိုင်း ကြီးပွားရေး တိုးတက်ရေး လမ်းပိတ်မှု တော်တော်များများသည် ဆက်ဆရေး ပြောဆိုရေး အဆင်မပြေမှု ကြောင့်သာ ဖြစ်ကြသည်ဟု သဘောပေါက်ထား ကြစေချင်ပါသည်၊ မြတ်ဗုဒ္ဓ၏ “ဘာသိတေ သမ္ပဇာနကာရီ ဟောတိ” ဟု မဟာသတိပဋ္ဌာနသုတ်တော် ဟောထား မြတ်တရား အတိုင်း စကားပြောစဉ် သတိ ယှဉ်နိုင်ကြပါစေ။

အဝေရာ ဟော်လ္လန်၊
ဘဒ္ဒန္တ နန္ဒဝံသ (ကနေဒါ)

# မဟာဓမ္မိက

'တရားရှိ'၊ 'ဓမ္မိက' မည်တွင်
'မြင့်မြတ်သော' 'မဟာက' ရှေ့မှ ထွတ်တင်
'မြင့်မြတ်သောတရားရှင်'၊ ဖြစ်စေချင် ရှင်လူအပေါင်း
'မဟာဓမ္မိက' ကျောင်းသစ်က၊ လှစ်ဟဆုတောင်း

•နန္ဒ (စန်းဘုန်းဘုန်း)

---

**စာမျက်နှာ ၁ မှ အဆက်**

၂၀၀၁ ခု ဇွန်လ ၂၃ရက် စနေနေ့ နံနက် ၉း၃၀–၁၀း၃၀ နာရီ မင်္ဂလာ အချိန်တွင် မဟာဓမ္မိက ကျောင်းသစ် စတင် ဆောက်လုပ် နိုင်ရန် အတွက် ကမ္ဘာ့သာသနာပြု ဆရာတော် ဘဒ္ဒန္တ ပညာဝံသ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ကိုယ်တိုင် ကြွရောက်ဦးစီး၍ မြေသန့်/ပန္နက်တင် မင်္ဂလာ ဆောင်ရွက်ပြီး ထိုနေ့မှစ၍ ကျောင်းတော်သစ်ကို စတင် ဆောက်လုပ် နေပြီဖြစ်ကြောင်း မင်္ဂလာသတင်းကောင်းကို အလှူရှင် အပေါင်းထံသို့ ဝမ်းမြောက် နှမော်သာဓု ခေါ်နိုင် ကြရန်အတွက် ပေးပို့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် ကနေဒါရောက် ဗုဒ္ဓဘာသာဝင် သူတော် စင်များ အနေဖြင့် ဘုရားဒါယကာ ကျောင်းဒါယကာ ဘုရားမြေ ကျောင်းမြေ ဝတ္တကမြေ နှင့် စေတီတော် ရုပ်ပွား ဆင်းတုတော် များကို လှူဒါန်း ပူဇော်နိုင် ကြတော့မည် ဖြစ်၍ အထူး ဝမ်းမြောက် ဝမ်းသာ သဒ္ဓါပွားကြဖို့ ပင်ဖြစ်ပါသည်။

ဘုရားဒါယကာ ကျောင်းဒါယကာ အဖြစ် လူတိုင်း လူတိုင်းပါဝင် လှူဒါန်းနိုင်ရန်အတွက် ပဓာနနာယက ကမ္ဘာ့ သာသနာပြု ဘဒ္ဒန္တ ပညာဝံသ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဆရာတော်ကြီး၏ ဦးဆောင် ညွှန်ကြားမှုဖြင့် ကျောင်းထိုင်ဆရာတော်များ နှင့် ကျောင်း ဖြစ်မြောက်ရေးကော်မတီမှ အောက်ပါအတိုင်း စီစဉ်ထားရှိ ပါသည်။

၁။ မြတ်ဗုဒ္ဓ၏ အံ့ဘွယ်ရစ်ဖြာ သာသနာတော်ကို ရည်မှန်း၍ ကြေးဆင်းတု ၇လက်မရှိ ရုပ်ပွားတော်များကို ထုလုပ် ပူဇော် ပင့်ဆောင်ပါမည်၊ ရုပ်ပွားတော် တစ်ဆူကို $200 ဖြင့် မိမိအမည်၊ အဖိုး အဖွား၊ ဖေဖေ မေမေ၊ အကို အမ၊ မောင်ငယ် ညီမငယ်၊ သားသား နှင့် ချစ်သမီးလေးများ၊ အမည်ဖြင့် မိမိဆန္ဒအရ ဘုရားဒါယကာ အဖြစ် စာတန်းထိုးကာ ပူဇော် ပေးထားပါမည်။ ဘုရား အဆူပေါင်း မိမိတို့ ဆန္ဒအရ လိုအပ်သလို ပူဇော် နိုင်ပါသည်။

၂။ မြတ်ဗုဒ္ဓ၏ အံ့ဘွယ် ရစ်ဖြာ သာသနာတော်ကြီး တည်တံ့ ပြန့်ပွားရေးကို ရည်မှန်း၍ ဝယ်ယူပြီး ကျောင်းမြေကို စကွဲယား တစ်မီတာစီ သတ်မှတ်၍ တစ်မီတာ မြေတစ်ကွက်ကို $100 ဖြင့် မိမိဆန္ဒအတိုင်း ကျောင်းမြေကွက် အလှူကိုပါ ပါဝင် လှူဒါန်း နိုင်ပါသည်။

အလှူရှင်များ၏ အမည်ကို သားစဉ်မြေးဆက် ကုသိုလ် တရားပွားများနိုင်ရန် မဟာဓမ္မိကကျောင်းတွင် စာတန်း ရေးထိုးကာ မှတ်တမ်းတင် ပေးထားမည် ဖြစ်ပါသည်။ (ကနေဒါနိုင်ငံ ဤမြန်မာကျောင်းသည် မြန်မာ့ထေရဝါဒ ဗုဒ္ဓသာသနာတော် နှင့် အမျိုး ဘာသာ သာသနာတော် အတွက် အဓိက) ဖြစ်သောကြောင့် ကြည်ကြည်လင်လင် တက်တက်ကြွကြွ ကုသိုလ်ရှင်အဖြစ် ကျိုးစားနိုင်ကြရန် နှင့် ဝမ်းမြောက်နိုင်ကြပါစေရန် အသိပေး တိုက်တွန်းအပ် ပါသည်။

ဆရာတော်များ နှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီ
ကနေဒါ၊ မြန်မာဗုဒ္ဓဘာသာအသင်း၊ တိုရန်တိုမြို့။
(ဇွန်လ ၂၃ ရက် ၂၀၀၁)

ကိုယ့်ကိုယ်ကို မြင့်ချင်ရင်
သူများကိုလည်း မြှင့်ပေးပါ။
သူများကို မြှင့်ပေးလေလေ
ကိုယ်လည်းမြင့်သွားလေလေပဲ။

ဆရာတော်ဦးဇောတိက
သိစရာတွေးစရာစာအုပ် မှကောက်နှုတ်ချက်

**စာမျက်နှာ ၂ မှ အဆက်**

ဆက်လက်၍ လှူနည်းနည်းဖြင့် ကျဲကျဲဝိုင်းကာ တလ ၂၀၀ စီ လှူကြ၍ ဘဏ်ကြွေးကို ဆပ်ပေးကြသည့် စေတနာရှင်များ အတိုးမဲ့ ချေးပေးကြသည့် စေတနာရှင်များ၊ ချေးငွေများ ပြန်မယူတော့ပဲ ဘဏ်ကြွေး ပေးဆပ် ပေးကြသည့် စေတညာရှင်များ၊ နှစ်စဉ် နှစ်တိုင်း ဘာသာရေး ပွဲတော်များကို ကျင်းပကာ ပစ္စည်းလေးပါးဖြင့် ပူဇော် လှူဒါန်း နေကြသော စေတနာရှင်များ၊ ဆီမီး ရေချမ်း ပန်းနှင့် နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ် နေကြသည့် စေတနာရှင်များ အားလုံး၏ ကျေးဇူးများကို နှလုံးသားတွင် ရေးထွင်း၍ မှတ်တမ်း တင်ထားကြရမည် ဖြစ်ပါသည်။

ထိုသို့ မှတ်တမ်းတင် ထားကြရသည့် အမှုဆောင် ဟောင်း – သစ် နှင့် ဆရာတော်ကြီးများ အလှူရှင်များ၏ ဘာသာ သာသနာပြု တာဝန်များမှာ ၁၀ နှစ်ကျော် ကြာခဲ့ပြီ ဖြစ်ပါသည်။

ထို့ကြောင့် ( ကျေးဇူးရှိလတ်၊ ကျေးဇူးဆပ်၊ သူမြတ်လက္ခဏာ ) ကိုယ့်ပေါ်ပြုဘူး၊ သူ့ကျေးဇူး ၊ အထူးသိတတ်စေ၊ ဆိုသော မင်္ဂလာတရားတော်အရ ကျေးဇူးရှင်အားလုံးကို ယခုအခါ ကျောင်းသစ် ဆောက်လုပ်၍ ကျေးဇူးဆပ်ကြရန် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။

အနာထပိဏ် သူဌေးကြီးသည် မြတ်ဗုဒ္ဓနှင့် သံဃာတော်အား ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်၊ ကျောင်းအလှူသည် အမြတ်ဆုံးဖြစ်ကြောင်း အလုံးစုံကို လှူသည်မည် ကြောင်း ဟောတော်မူခဲ့ပါသည်။ ဝိသာခါ ဒကာမကြီးသည်လည်း ထိုသာဝတ္ထိပြည်၌ပင် ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို လှူဒါန်းခဲ့ပါသည်။

ကျောင်းဒကာ နှစ်ဦး၏ ကျေးဇူးများခြင်းကို အကြောင်းပြု၍ သာဝတ္ထိပြည်၌ ၂၅ ဝါ တိုင်တိုင် သီတင်းသုံး၍ ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော် မူခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် ၂၅–ဝါ ကြာ သီတင်းသုံး၍ အများ အကျိုးကို ဆောင်ရွက်တော်မူနိုင်ခြင်းမှာ ကျောင်း နှစ်ကျောင်း သာဝတ္ထိပြည်၌ ရှိခဲ့သောကြောင့်သာ ဖြစ်ပါသည်။

ထို့အတူပင် ကနေဒါနိုင်ငံ အွန်တေးရီးယိုပြည်နယ် တိုရန်တိုမြို့၌ မဟာဓမ္မိက မြန်မာ ကျောင်းတော်ကို အထက်ပါ ကျေးဇူး ရှင်ကြီးများက မဖြစ်မနေ ကြိုးစား ဆောင်ရွက်ပေးခဲ့သောကြောင့် ဗုဒ္ဓဘာသာဝင်များနှင့် ဆရာတော်များ ပူးပေါင်း၍ ဘာသာ သာသနာပြု ကုသိုလ်ရေး ကိစ္စများကို ဆောင်ရွက် နိုင်ခဲ့ကြ ပါသည်၊

ယခုအခါ ဗုဒ္ဓဘာသာဝင်များ တိုးတက် များပြားလာခြင်း၊ ဘာသာရေးပွဲတော်များ ကျင်းပရန် နေရာ မလုံလောက်ခြင်း ကားများ ရပ်နားရန် နေရာ ခက်ခဲခြင်း လူနေရပ်ကွက်အတွင်း ဖြစ်နေခြင်း တို့ကြောင့် မြေကွက် တစ်ခုဝယ်ယူကာ၊ $ ၆၅၀၀၀၀–ကျော်ဖြင့် ၂၃–၅–၂၀၀၁ နေ့တွင် မဟာဓမ္မိကကျောင်းဆောင်သစ်ကို စတင် ဆောက်လုပ်နေပြီ ပါသည်။

ရှေးကထက် ပိုပြီး သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် သာသနာ တော်မြတ်ကြီးကို တိုးတက်အောင် ပြန့်ပွားအောင် တည်တန့်အောင် ကျင့်ခြင်း ပွားများခြင်း ဒကာ ဒကာမ များအကျိုး သတ္တဝါများ အကျိုးကို ပို၍ ပို၍ ဆောင်ရွက်နိုင်ကြတော့မည် ဖြစ်ရာ ဆရာတော်များနှင့်အတူ အလှူရှင်များ အနေဖြင့် နှစ်ထောင်းအားရ ဝမ်းမြောက် ဝမ်းသာဖြစ်ကြဘို့ပင် ဖြစ်ပါ သည်။

နိုင်ငံရပ်ခြား တိုင်းတပါး၌ ကျောင်း အလှူ လှူရန် အခွင့်ကို ရကြသည့် ကျောင်းဒကာ ဒကာမများ အတွက် ဝမ်းမြောက်ခြင်းပင် ဖြစ်ပါသည်။ ယခုအခါ ကျောင်းအလှူ ကုသိုလ် နှင့် သာသနာပြု ကုသိုလ် ၂– မျိုးလုံး ကို တပြိုင်နက်တည်း ရရှိ ကြတော့မည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အော့ဘုန်းဘုန်း
(တိုင်ဝမ်)

## ဆန္ဒမွန်

ဗို့တွက် များပြောက်၊ ချမ်းသာရောက်ဖို့၊
ခုလောက်ကျိုးကုတ်၊ အားမထုတ်ဘူး
ဗုဒ္ဓသာသနာ၊ ကနေဒါမှာ၊
ရှည်–ကာအစွန့်၊ ရောင်လျှံကွန့်ဖို့၊ စွန့်စားမပျက်၊
ဗို့ဆောင်ရွက်သည်၊ စဉ်ဆက်သာသနာ၊
တည်စေသော်။



ဦးနန္ဒဝံသ (အော့ဘုန်း)



## ကျောင်းအနုမောဒနာတရားတော် (၁)

ညောင်ကန်အေး ဆရာတော်

အရှင်ဣန္ဒက

ဘုန်းကြီးသည် ကနေဒါနိုင်ငံ တိုရန်တိုမြို့ မဟာဓမ္မိက ကျောင်းကို ၂၀၀၁ခု ဇွန်လ ၂၆ ရက်နေ့တွင် ရောက်ပြီး ဇူလိုင်လ ၃ ရက်နေ့ထိ နေထိုင်ခဲ့ပါတယ်၊ ယခုအခါ ထိုကျောင်းတွင် ၁၀ နှစ်ကျော်ကြာ သာသနာပြု နေထိုင်ကြ သည့် ဘဒ္ဒန္တ နန္ဒဝံသ၊ ဘဒ္ဒန္တ ကောဝိဒ၊ ဘဒ္ဒန္တ နန္ဒသိရီ နှင့် ဘဒ္ဒန္တ ဥတ္တမသိရီ ဆရာတော် လေးပါးနှင့် မြန်မာ ဗုဒ္ဓဘာသာ အသင်းသူ အသင်းသားများ ပြည်ပသာသနာပြု နေကြသည်ကို တွေ့မြင်ရ၍ အထူးပင် ဝမ်းမြောက်မိပါတယ် ။

လွန်ခဲ့သော ၁၀ နှစ်ကျော်က ဗုဒ္ဓဘာသာ သာသနာ ပြုရန်အတွက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ပညာဝံသ ဦးဆောင်၍ အဆောက်အဦး တခုကို ဝယ်ယူပြီး ကျောင်းအဖြစ် တည်ထောင်ခဲ့ရာ အလွန်သေးငယ်သော ကြောင့် ကြီးမား ကျယ်ပြန့်သော ကျောင်းသစ် ဖြစ်မြောက် ရန်အတွက် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရသော ကြောင့် ပင်ဖြစ်ပါတယ် ။

အလှူရှင်များ လှူဒါန်းငွေကို ပဓာနပြု၍ ဘဏ် ချေးငွေများဖြင့် တစ်ဧကကျော် မြေကွက်ကို ဝယ်ယူကာ ခန့်ထယ်လှပသော ဘုရား ကျောင်းတော်ကြီးကို ၂၀၀၁ ခု ဇွန်လ ၂၃ ရက်နေ့တွင် ကမ္ဘာ့ သာသနာပြု ဆရာတော်ကြီး ကိုယ်တိုင် ကြွရောက်၍ မြေသန့်ပန္နက်ချကာ စတင်တည် ဆောက် နေပြီဖြစ်ပါတယ် ။

အလှူငွေ ရှာဖွေရင်း ကျောင်းဆောက်၍ ကျောင်း ဆောက်ရင်း အလှူငွေ ရှာနေကြပါသည်၊ စေတနာရှင်များ၏ အလှူငွေများအပေါ် အထူးယုံကြည်ပြီး တည်ဆောက်နေတာမို့ တိုရန်တို ပြည်ပ သာသနာပြု ဘုရားကျောင်းတော်ကြီး ပြီးစီး အောင်မြင်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ကြရန် လိုအပ် နေပါတယ် ။

ယခုလို ဗုဒ္ဓမြတ်စွာ သာသနာတွင်းကာလ ပြည်ပ သာသနာပြုဌာနတွင် လှူဒါန်းခွင့် ကြုံကြရတာဟာ အလွန် ကံကောင်းကြသူတွေ ဖြစ်နေကြပါတယ်၊ ယခုအခါ တစ်ထောင် လှူခြင်းသည်၊ ကျောင်းဖြစ်မြောက် အောင်မြင်သောအခါ တစ်သောင်း လှူတာလောက် ခရီး ပေါက်ရောက်ပါတယ်။

### လိုတာလှူက လိုတာရ

ဗုဒ္ဓမြတ်စွာ သာသနာတော် တည်တံ့ ပြန့်ပွားရေး အတွက် အထူး လိုအပ်နေတဲ့အခါ လိုအပ်ရာရာ ကျောင်း သင်္ကန်း ဆွမ်း ဆေး ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း သူများဟာ ယခုဘဝမှစ၍ သံသရာ တလျှောက်လုံးတွင် လိုအပ်တဲ့အခါ လိုတာကို ရကြမှာ သေချာပါတယ်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း တွင် ကိန်းအောင်းမွေ့လျော် သတင်းသုံး စံတော်မူစဉ်က ညဥ့်အခါတွင် မြတ်ဘုရားအား နတ်သားတယောက် လာပြီး သူသိလိုတဲ့ မေးခွန်းများကို လျှောက်ထားပါတယ်၊ မြတ်ဘုရားကလဲ နတ်သားသိလိုတဲ့ အချက်များကို အကွက် ကျကျ ဖြေကြားတော်မူပါတယ်၊

အဲဒီ မေးခွန်းနှင့် အဖြေများကို တစ်စုံစီပြုပြီး

ကဗျာဆောင်ပုဒ် စီထားပါတယ် ၊အဲဒါကို ယခု ဖေါ်ပြပါမယ်၊ အဲဒီ တရား ဆောင်ပုဒ်များကို ဖတ်ပြီး ဗုဒ္ဓသာသနာတော် တည်တံ့ ပြန့်ပွားရေး မဟာဓမ္မိက ဘုရားကျောင်းတော် အလှူကြီးကို ပေးလှူနိုင်ကြပါစေ ။

ကိံဒဒသုတ္တံ – နတ်သားအမေး နှင့် ဘုရားအဖြေ –

၁။ ဘာကို ပေးလှူ၊ ခွန်အားလှူ၊ အလှူဖြစ်သလဲ ။
ဆွမ်းကို လှူလျှင်၊ ခွန်အားရှင်၊ သူပင် ကျိုးရမြဲ ။
၂။ ဘာကို ပေးလှူ၊ ရုပ်ဆင်းလှူ၊ အလှူဖြစ်သလဲ ။
သင်္ကန်း လှူလျှင်၊ ဆင်းလှူရှင်၊ သူပင် ကျိုးရမြဲ ။
၃။ ဘာကို ပေးလှူ၊ မျက်စိလှူ၊ အလှူဖြစ်သလဲ ။
ဆီမီး လှူလျှင်၊ မျက်စိရှင်၊ သူပင် ကျိုးရမြဲ ။
၄။ ဘာကို ပေးလှူ၊ ချမ်းသာလှူ၊ အလှူဖြစ်သလဲ ။
ယာဉ်ကို လှူလျှင်၊ ချမ်းးသာရှင်၊ သူပင် ကျိုးရမြဲ ။
၅။ ဘာကို ပေးလှူ၊ လုံးစုံလှူ၊ အလှူဖြစ်သလဲ ။
ကျောင်းကို လှူလျှင်၊ စုံလှူရှင်၊ သူပင် ကျိုးရမြဲ ။

မှတ်ချက် ။

ကျောင်းအလှူကို လှူသူဟာ ဘက်စုံ ဖွံ့ဖြိုးရေးအလှူကို လှူသူဖြစ်ပါတယ်၊ ကျောင်းအလှူ လှူဒါန်းသူဟာ အမြဲတန်း ဘက်စုံ ဖွံ့ဖြိုးရေး ကောင်းကျိုးများကို ရနိုင်ပါတယ်၊ အဓိပ္ပါယ်ရှင်းပြချက်ကို နောက်လတွင် ဆက်ဖတ်ပါ။

အဓိပ္ပါယ်ရှင်းပြချက်ကို နောက်လတွင် ဆက်ဖတ်ပါ။

အရှင်ဣန္ဒက(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)
ညောင်ကန်အေးဆရာတော် (၂၉–၆–၂၀၀၁)

## မင်း–သူ–ငါ ညီညာစုံမှ

မင်း မပါ၊ ဘယ်ဟာမှ မပြီး၊
မင်း ချည်းတော့လဲ၊ ဘယ်ဟာမှ မပြီး၊
သူမပါ၊ ဘယ်ဟာမှ မပြီး၊
သူ ချည်းတော့လဲ၊ ဘယ်ဟာမှမပြီး၊
ငါ မပါ၊ ဘယ်ဟာမှ မပြီး
ငါ့ ချည်းတော့လဲ၊ ဘယ်ဟာမှ မပြီး၊
မင်း–သူ–ငါ ညီဘာစုံမှ၊ မှုကိစ္စ အကုန်ပြီး၊
ပြုကြစုစည်း

ထီးဆောင်းဆရာတော်

သက်ရှည် ဆင်းလှ၊ ချမ်းသာရ၊ ဗလညာဏ်ပညာ

## လစဉ်ဆွမ်းအလှူရှင်များ

- Daw Tin Tin Than & family
- Phothirath & family
- Ko Min Thein Mon & family
- Daw Nyunt Nyunt Min & family
- Daw Mar Lar & Daw Khin Aye Lwin & family
- Daw Tin Tin & family
- Bright Lin & family
- Ko Tin Myint Oo & family
- Ko Soe Soe & Ma Moe Moe & family
- Ko Min Win Maung & family
- Daw Win Mar & family
- Daw Daisy & family
- Daw Thin Thin & family
- Ma Myat Myat Moe & family
- Daw Khin Than Yi & family
- Daw Mya Mya Kyi & family
- Daw Ei & family
- Ko Nay Myo & family
- Ko Myint Lwin & family
- Ko Thein Aung Myint & family
- Daw Kyin Hlaing & family
- Daw Khin Htar Myint & family
- Daw Kyin Wa & family
- Ko Mg Mg Soe & Ma Li Li
- Ko Thein Nyunt & Helen family
- Daw Mae Kyi Winn & family
- Ko Aung Myint Kyaw & family
- Ma Aye Aye Soe & family
- Ma Win Mar Lwin



# မဟာဓမ္မိကကျောင်းတော်ဆောက်လုပ်ရေးအတွက်
# လစဉ် $ 50 နှင့် အထက်
# လှူဒါန်းသောကျောင်းအလှူရှင်များစာရင်း

| စဉ် | အမည် | အလှူငွေ | Jan | Feb | Mar | Apr | May | Jun | July | Aug | Sep | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဆရာတော်ဦးနန္ဒဝံသ | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | | | | |
| ၂ | ဒေါ်ခင်စန်းမြင့် | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | | | | |
| ၃ | ဦးရဲမောင် နှင့် ဒေါ်မြစိန် | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၄ | ဒေါ်ရီရီမြ | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | | | | |
| ၅ | ဦးသိန်းအောင်မြင့် နှင့် ဒေါ်နန်း | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၆ | ကိုအောင်မြင့်ကျော် နှင့် မစန်းစန်းအေး | **$ 50** | ● | ● | ● | ● | ● | ● | | | | | | |
| ၇ | ဦးတင်မြင့်ဦး နှင့် ဒေါ်မေမေအေး | **$ 50** | | | | | | | | | | | ● | ● |
| ၈ | Aung Myint Ohn & Teresa Khoo-Ohn | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၉ | William Aw | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၀ | Bright Lim | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၁ | Shu Foung Wong | **$ 50** | ● | ● | ● | ● | ● | ● | ● | | | | | |
| ၁၂ | Bessie Terzi | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၃ | ကိုသာအေးထွန်း နှင့် မအိအိခိုင် | **$ 50** | | | | ● | ● | ● | ● | ● | ● | ● | | |
| ၁၄ | ဦးဝင်းမောင် နှင့် ဒေါ်ခင်သန်းရီ | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၅ | ဦးအောင်ခင် နှင့် ဒေါ်လွင်လွင်ခင် မိသားစု | **$ 50** | | | | | | | ● | ● | | | | |
| ၁၆ | ဦးသိန်းညွန့် နှင့် ဒေါ်ဟယ်လင် | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | | | | |
| ၁၇ | Wai Futt Woung | **$ 50** | | | | | | | ● | ● | ● | ● | ● | ● |
| ၁၈ | Anita Tha Zin Win | **$ 50** | | | | | | | ● | ● | ● | ● | ● | ● |
| ၁၉ | Dr. လှဝင်း၊ Dr. အေးအေးခိုင် | **$ 50** | | | | | ● | ● | ● | ● | ● | ● | ● | ● |
| ၂၀ | မမာမာကြည် | **<u>$ 60</u>** | | | | | | | ● | ● | ● | ● | ● | ● |
| ၂၁ | ကိုသိန်းထွန်းသန့် နှင့် မသီသီခိုင် | **$ 50** | | | | | | | ● | ● | ● | ● | ● | ● |
| ၂၂ | Philip & Grace Velasquez | **$ 50** | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၃ | U Kyaw Than & Daw Rosemary Than | **$ 50** | | | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၄ | Dr. Than Than Nwe | **$ 50** | | | | | | | | | | | | |
| ၂၅ | Peter Aw | **$ 50** | | | | | | | ● | ● | ● | | | |
| ၂၆ | Ko Myint Lwin Oo | **$ 50** | | | | | | | | | | | | |
| ၂၇ | ဦးမောင်မောင်စိုး နှင့် ဒေါ်လီလီ မိသားစု | **$ 50** | | | | | | | | | | | | |

**ဝါတွင်း အပတ်စဉ်**
**စနေနေ့ ညနေ ၆း၃၀ တွင်**
**(နိုဝင်ဘာလကုန်အထိ)**
**တရားပွဲများရှိပါသည်။**

# မဟာဓမ္မိကကျောင်းတော်ဆောက်လုပ်ရေးအတွက် လစဉ် $ 20 နှင့် အထက် လှူဒါန်းသောကျောင်းအလှူရှင်များစာရင်း

| စဉ် | အမည် | အလှူငွေ | Jan | Feb | Mar | Apr | May | Jun | July | Aug | Sep | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဆရာတော်ဦးနန္ဒဝံသ | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂ | ဆရာတော်ဦးကောဝိဒ | $ 50 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၃ | ဆရာတော်ဦးနန္ဒသိရိ | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၄ | ဦးကြည်နှင့် ဒေါ်ကြင်ဝ | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | | | |
| ၅ | ကိုမောင်မောင် နှင့် မဝင်နီ မိသားစု | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၆ | ဦးကံကြီးမောင် နှင့် ဒေါ်သန်းသန်းစိန် | $ 20 | ● | ● | ● | ● | ● | ● | ● | | | | | |
| ၇ | Ko Linn Aung & Saw Saw Ohn | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၈ | ကိုမြင့်လွင် နှင့် မနန်းခမ်းဟန် | $ 20 | ● | ● | ● | ● | ● | ● | | | | | | |
| ၉ | ကိုကျော်ဇောဝေ နှင့် မေလှအောင် | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၀ | U Pe Nyunt , Daw Kyi Kyi Nyunt | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၁ | Dr.တင်တင်မြင့် နှင့် ဒေါ်ခင်ငြိမ်းငြိမ်း | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၂ | ကိုမင်းသိဏ်းမွန် နှင့် မရည်ရည်ဝင်း | $ 20 | ● | ● | ● | ● | ● | ● | | | | | | |
| ၁၃ | May Thein Nyun & Thura Thein Nyunt | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၄ | ကိုနေလင်း | $ 20 | ● | ● | ● | | | | | | | | | |
| ၁၅ | ဦးဥတ္တမ | $ 20 | | | | | | ● | ● | ● | | | | |
| ၁၆ | Mr. Soon Chua Goh & Mrs. Tarcela Goh | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၇ | ဦးသာခိုင် | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၈ | ဒေါ်ယဉ်ယဉ်ဦး | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၁၉ | ဒေါ်ကြင်လှိုင် | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၀ | မအေးငြိမ်းစံ | $ 20 | ● | ● | ● | ● | ● | ● | | | | | | |
| ၂၁ | ကိုမိုးမြင့် | $ 20 | ● | ● | ● | | | | | | | | | |
| ၂၂ | U Mg Mg Kyi & Daw Khin San Myint | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၃ | Dennis Kyaw & Sandra Lee Kyaw | $ 20 | | | | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၄ | ဒေါ်ခင်ထားမြင့် | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၅ | Boon Som, Suwanaaadth | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၆ | Mr. Sen & Family | $ 20 | ● | ● | ● | ● | ● | ● | | | | | | |
| ၂၇ | ကိုရောင်နီဦး နှင့် မလေး၊ သားခေမကဦး | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၂၈ | Ko Ko Oo & San San Win | $ 20 | ● | ● | ● | ● | ● | | | | | | | |
| ၂၉ | Daw Molly Min Han | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၃၀ | ကိုမင်းဝင်းမောင် နှင့် မိသားစု | $ 20 | | | | | ● | ● | ● | | | | | |
| ၃၁ | ကိုဖိုးမြင့်၊ ကိုနေမျိုး | $ 20 | | | | | | | | | | | | |
| ၃၂ | ကိုဘိုသာ နှင့် မသန်းသန်း | $ 20 | | | | | | | ● | ● | ● | ● | ● | ● |
| ၃၃ | ဒေါ်ကြင်မြိုင် | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၃၄ | Fook Shein Foom နှင့် ဒေါ်စောကြည် | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၃၅ | Han San Chu, Khin Phu Win | $ 20 | ● | ● | ● | ● | ● | | | | | | | |

| စဉ် | အမည် | အလှူငွေ | Jan | Feb | Mar | Apr | May | Jun | July | Aug | Sep | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃၆ | ဦးအောင်မြင့်သိန်း နှင့် ဒေါ်ညွန့်ညွန့်မင်း မိသားစု | $ 20 | ● | ● | ● | ● | ● | ● | | | | | | |
| ၃၇ | ကိုထွန်းရွှေ နှင့် မမြတ်မြတ်မိုး | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | | | |
| ၃၈ | ကိုသာအေးထွန်း နှင့် မအိအိခိုင် | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၃၉ | ကိုနေလင်းရှိန် | $ 20 | ● | ● | ● | | | | | | | | | |
| ၄၀ | Kiak Meksavauh & Family | $ 20 | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● | ● |
| ၄၁ | Tom & Kim Liu | $ 20 | | | | | | | | | | | | |
| ၄၂ | ကိုစန်းလွင် | $ 20 | ● | ● | ● | | | | | | | | | |
| ၄၃ | ကိုသန်းထွန်းစိုး နှင့် မမိုးနှင်းဆီ (သား) Ramond အုပ်စိုး | $ 20 | | | | | | | ● | | | | | |
| ၄၄ | ဒေါ်ခင်သိန်း နှင့် (မြေး)ချစ်ဖြိုးအောင် | $ 20 | | | | | | | | ● | ● | ● | ● | ● |
| ၄၅ | မစန်းစန်းတင် နှင့် (သမီး) Annabelle, Isabelle | $ 20 | | | | | | ● | ● | ● | | | | |
| ၄၆ | ဦးတင်မြင့်ဦး နှင့် ဒေါ်မေမေအေး မိသားစု | $ 20 | | | | | | | ● | ● | ● | ● | ● | ● |
| ၄၇ | ဒေါ်ခင်ရွှေ နှင့် မိသားစု | $ 20 | | | | | | | | | | | | |

# Memories

When I was young,
Travelling was fun.
By the age of thirteen,
I have lived in a lot of countries.

And everytime I wonder back,
I miss the friends I had

Whenever I smell the scent of flowers
Or hear the birds sings,
I think of the past.

The way we shared our secrets,
The way we played our games,
Then like a sun ray, quickly passed the days
Until it's time for me to leave again.

We lose touch but lives go on.
I want to tell my stories but I can't.
And this makes me realize,
That Nothing can last.



Aye Nyein San



# မဟာဓမ္မိကကျောင်းတော် ဆောက်လုပ်ရေးအတွက် လှူဒါန်းနိုင်သော လှူဖွယ်ပစ္စည်းများစာရင်း

| လှူဖွယ်ပစ္စည်း အမျိုးအစား | အစုများ | အတိုင်းအတာ | တစ်စုလှူငွေ($) |
|---|---|---|---|
| ကျောင်းမြေ နှင့် ဆက်စပ်အလှူပစ္စည်းများ | | | |
| ကျောင်းမြေ | ၄၁၀၀ စု | ၁မီတာ ပတ်လည် | $ 100.00 |
| ဥယျာဉ်နှင့် သစ်ပင်ကြီး စိုက်ပျိုးခြင်း | ၄၀ စု | တစ်စု | $ 500.00 |
| ဗုဒ္ဓရုပ်ပွားတော်များ | | | |
| ကြေးဆင်းတုတော်များ | ၅၀၀ဆူ | တစ်ဆူ | $ 200.00 |
| ကြေးစည် ၊ ဆည်းလဲ ၊ ခေါင်းလောင်း | | | |
| အမိုးပေါ်မှ စေတီအတွက် ဆည်းလဲ နှင့် ခေါင်းလောင်း | ၉ စု | တစ်ခု | $ 108.00 |
| ကြေးစည် နှင့် တိုင် တစ်တိုင် | တစ်စု | တစ်ခု | $ 1,000.00 |
| ကျောင်းအဆောက်အဦး (အတွင်း) | | | |
| မျက်နှာကျက် | ၂၅၀ စု | တစ်မီတာ | 100.00 |
| တရားထိုင်သည့် အခန်း (Main Hall) | ၁၀၈ စု | တစ်စု | 1,000.00 |
| ရှေ့လှေကားနှစ်ခု | ၂၀ စု | တစ်စု | 800.00 |
| မသန်မစွမ်းသုံး သန့်စင်ခန်း | ၅ စု | တစ်စု | 1,000.00 |
| အပူပေးစက် | ၂၀ စု | တစ်စု | 1,000.00 |
| လေအေးစက် | ၂၀ စု | တစ်စု | 1,000.00 |
| ကျောင်းအဆောက်အဦး (အပြင်) | | | |
| အမိုး | ၆၀၀ စု | ၂ ပေ ပတ်လည် | 100.00 |
| အမိုးပေါ်မှ စေတီအတွက် ထီးတော် | ၁၀၈ စု | တစ်စု | 200.00 |
| အမိုးပေါ်မှ စေတီအတွက် စိန်ဖူးတော် | ၈၀ စု | တစ်စု | 200.00 |
| အမိုးပေါ်မှ စေတီ | ၁၀၈ စု | တစ်စု | 750.00 |
| ဘိလပ်မြေ နှင့် အုတ် | | အုတ် ၁၀ ချပ် | 20.00 |
| မိလ္လာပိုက် ဆက်သွယ်ရေး | ၂၀ စု | တစ်စု | 1,000.00 |
| အုတ်မြစ်ချ | ၄၀ စု | တစ်စု | 1,000.00 |
| ကားရပ်နားရန် နေရာ | ၄၀ စု | တစ်စု | 1,000.00 |
| ကျောင်းဝင်းအတွင်း ကားလမ်း | ၂၀ စု | တစ်စု | 1,000.00 |
| ကျောင်း ဆိုင်းဘုတ် | ၁၀ စု | တစ်စု | 1,000.00 |
| လျှပ်စစ် ဆက်သွယ်ခြင်း | ၅၀ စု | တစ်စု | 500.00 |
| သံဃာတော်များအတွက် | | | |
| သံဃာတော်များ အိပ်ခန်း (၄ခန်း) | ၄၀ စု | တစ်စု | 1,500.00 |
| သံဃာတော်များ အိပ်ခန်း ပြူတင်းပေါက် | ၁၀ စု | တစ်စု | 750.00 |
| သံဃာတော်များ ရေချိုးခန်း | ၁၀ စု | တစ်စု | 1,000.00 |
| သံဃာတော်အိပ်ခန်းများ အတွင်း ခင်းရန် ကောဇော | ၁၀ စု | တစ်စု | 500.00 |
| မျက်နှာသစ်ရန် ရေဇလုံ | ၂ လုံး | တစ်လုံး | 1,000.00 |

| လှူဖွယ်ပစ္စည်း အမျိုးအစား | အစုများ | အတိုင်းအတာ | တစ်စုလှူငွေ($) |
|---|---|---|---|
| သံဃာတော်ကုတင် နှင့် မွေ့ယာ (၇စုံ) | ၇ စု | တစ်စု | 500.00 |
| လေအေးစက် | ၁၀ စု | တစ်စု | 600.00 |
| ကျောင်းခန်းမဆောင် | | | |
| ဘုရားစင် နှင့် ခန်းမအတွင်းရှိ လျှပ်စစ်မီး | ၅၀ စု | တစ်စု | 500.00 |
| ကော်ဇော | ၃၀ စု | တစ်စု | 500.00 |
| ပြူတင်းပေါက်များ (ကြီး) | ၁၀ စု | တစ်စု | 1,000.00 |
| ပြူတင်းပေါက်များ (သေး) | ၁၃ စု | တစ်စု | 750.00 |
| ပြူတင်းပေါက် (ကြီး) ခန်းစီး | ၁၀ စု | တစ်စု | 300.00 |
| ပြူတင်းပေါက် (သေး) ခန်းစီး | ၂၃ စု | တစ်စု | 200.00 |
| အနောက် လှေကား | ၁၀ စု | တစ်စု | 800.00 |
| စာအုပ်ထည့်ရန်ဗီဒိုများ | ၈ စု | တစ်စု | 350.00 |
| သန့်စင်ခန်း (Wash Room) | ၁၀ စု | တစ်စု | 600.00 |
